အကယ်၍ ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါက
ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ ဂျုမုအဟ်တစ်ကြိမ်မှ
နောက်ဂျုမုအဟ်သည်လည်းကောင်း၊ ရမဿွာန်တစ်လမှ
နောက်ရမဿွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသော
အကုသိုလ်များအား ပလပ်စေမည်ဖြစ်သည်။
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အကယ်၍
ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ပါက ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊
ဂျုမုအဟ်တစ်ကြိမ်မှ နောက်ဂျုမုအဟ်သည်လည်းကောင်း၊ ရမဿွာန်တစ်လမှ
နောက်ရမဿွာန်သည်လည်းကောင်း ယင်းတို့၏ စပ်ကြား၌ရှိသော အကုသိုလ်များအား
ပလပ်စေမည်ဖြစ်သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [မွတ်စ်လင်မ်ကျမ်း။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ အကယ်၍
ကြီးလေးသော အပြစ်အကုသိုလ်များကို ရှောင်ကြဉ်ခဲ့ပါက နေ့နှင့်ညတွင် ဆောက်တည်သည့်
ဖရ်ဿ်ွ ဆွလာသ်ငါးကြိမ်သည်လည်းကောင်း၊ အပတ်စဉ်ဆောက်တည်သည့်
ဂျုမုအဟ်ဆွလာသ်သည်လည်းကောင်း၊ နှစ်စဉ်စောင့်ထိန်းသည့် ရမဿွာန်လ၏
ဆွိယာမ်ဥပုသ်သည်လည်းကောင်း ၎င်းတို့ကြား၌ ကျူးလွန်ခဲ့သော သေးငယ်သော
အပြစ်အကုသိုလ်များကို ပလပ်စေမည်ဖြစ်သည်။ သို့သော် တရားမဝင်ကာမကျူးလွန်ခြင်း၊
အရက်သောက်ခြင်းကဲ့သို့ ကြီးလေးသော အပြစ်အကုသိုလ်များသည်
(သောင်ဗဟ်)အမှားဝန်ချတောင်းပန်မှုပြုမှသာလျှင် ပလပ်ခြင်းခံရမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3591